BNI BURMA NEWS INTERNATIONAL Myanmar Peace Monitor

# Weekly News Review

Issue 106, 24 - 30 May 2023




## စစ်ကိုင်းဖိုရမ်နှင့် စစ်ရေး၊ နိုင်ငံရေးအခင်းအကျင်း အသစ်များကို မျှော်ကြည့်ခြင်း




# စစ်ကိုင်းဖိုရမ်နှင့် စစ်ရေးနိုင်ငံရေး အခင်းအကျင်းအသစ်များကို မျှော်ကြည့်ခြင်း

**နီဒါန်း**

စစ်ကိုင်းသည် အာဏာသိမ်းစစ်ကောင်စီတပ်များအား ခုခံတော်လှန်စစ် အပြင်းထန်ဆုံးဒေသဖြစ်သည်။ အာဏာသိမ်းစစ်ကောင်စီတပ်အား ခုခံတော်လှန်စစ် ဆင်နွှဲနေကြသော မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF-LDF) အများဆုံးဒေသဖြစ်သည်။ စစ်၏ ဘေးထွက်ဆိုးကျိုးအဖြစ် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေကြရသည့် စစ်ဘေးရှောင်ပြည်သူအရေအတွက်တွင်လည်း နိုင်ငံတဝှမ်းလုံးအတွင်း စစ်ကိုင်တိုင်းသည် အများဆုံးဖြစ်သည်။ အာဏာသိမ်းစစ်ကောင်စီတပ်များ၏ မီးရှို့ဖျက်ဆီးမှုစာရင်းတွင်လည်း စစ်ကိုင်းသည် ထိပ်ဆုံးတွင်ရပ်တည်နေသည်။ အာဏာသိမ်းစစ်အုပ်စု၏ ဖိနှိပ်မှု၊ ရက်စက်ကြမ်းကြုတ်မှုပုံသဏ္ဌာန်မျိုးစုံကို စစ်ကိုင်းတွင်တွေ့ရသည်။

အခြားတဖက်တွင်လည်း စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ချေမှုန်းရေးဆိုသည့် ဦးတည်ချက် တူညီစွာပေါက်ဖွားလာကြသည့် PDF-LDF များအချင်းအချင်းအကြားအငြင်း ပွားမှုများကို မကြာခနဆိုသလို တွေ့ရတတ်သည်။ သို့သော် စစ်ကိုင်းသည် အာဏာသိမ်းစစ်အုပ်စုအား ခုခံတော်လှန်စစ်ဆင်နွှဲရာတွင်တော့ အရှိန်အဟုန်မြင့်တက်နေဆဲဖြစ်သည်။ လက်နက်မဲ့အကြမ်းမဖက်နည်းဖြင့် ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်လျက်ရှိသည့်မြေပြင်သပိတ်စစ်ကြောင်းများကိုလည်း စစ်ကိုင်းတိုင်းအတွင်း တွေ့မြင်နေရဆဲဖြစ်သည်။ ၂၀၂၃ ခုနှစ် မေလ၏ နောက်ဆုံးနှစ်ရက်တွင်တော့ စစ်ကိုင်းတိုင်းအတွက် “စစ်ကိုင်းဖိုရမ်”ကို ကျင်းပကာ တွေ့ဆုံဆွေးနွေးဖြစ်ခဲ့ကြသည်ဟု ဆိုပါသည်။

ယခုတစ်ပတ် BNI - Myanmar Peace Monitor ၏ အပတ်စဉ်သတင်းသုံးသပ်ချက်တွင် စစ်ကိုင်းဖိုရမ်နှင့်အတူ စစ်ကိုင်းတိုင်းအတွင်း စစ်ရေး၊ နိုင်ငံရေးအခင်းအကျင်းအသစ်များကို ဖြစ်စဉ်ဖြစ်ရပ်များနှင့် အချက်အလက်များ အခြေပြုကာ လေ့လာတင်ပြသွားပါမည်။

# "စစ်ကိုင်းဖိုရမ်"

၂၀၂၃ ခုနှစ် မေလ ၃၀ ရက်နှင့် ၃၁ ရက်နေ့များတွင် စစ်ကိုင်းဖိုရမ် (ပထမအကြိမ်)ကို ကျင်းပခဲ့ပြီး စစ်ကိုင်းတိုင်းအတွင်းရှိ မြို့နယ်ပေါင်း ၂၈ မြို့နယ် အခြေစိုက်တော်လှန်ရေးအဖွဲ့အစည်း(၁၇၃)ဖွဲ့နှင့် လေ့လာသူ ၃၁ ဦးတို့ တက်ရောက်ဆွေးနွေးခဲ့သည်။ ဖိုရမ်အတွင်း နိုင်ငံရေးကဏ္ဍ၊ စစ်ရေးကဏ္ဍ၊ ဒေသန္တရအုပ်ချုပ်ရေးကဏ္ဍ၊ အထွေထွေကဏ္ဍဟူ၍ ကဏ္ဍ ၄ ရပ်ခွဲကာ ဆွေးနွေးအဖြေရှာခဲ့သည်ဟု ဆိုပါသည်။ အထွေထွေကဏ္ဍတွင် သပိတ်လှုပ်ရှားမှုများ၊ အကြမ်းမဖက် ပြည်သူ့အာဏာဖီဆန်ရေးလှုပ်ရှားမှု(CDM)များ၏ အရေးကိစ္စ၊ သဘာဝသယံဇာတကိစ္စရပ်များနှင့် စစ်ဘေးရှောင်များ ကူညီကယ်ဆယ်ရေး စသည့်အကြောင်းအရာများကို ဆွေးနွေးဖြစ်ခဲ့ကြောင်း စစ်ကိုင်းဖိုရမ်က ဇွန်လ ၁ ရက်တွင် ထုတ်ပြန်ပါသည်။

"စစ်ကိုင်းတိုင်းတွင် စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေးတော်လှန်ရေးတွင် ပါဝင်နေကြသည့် နိုင်ငံရေး၊ တော်လှန်ရေးအဖွဲ့အစည်းများအကြား အားလုံးပေါင်းစပ်ညှိနှိုင်း ဆွေးနွေးဆုံးဖြတ်ချက်ချနိုင်သည့် တိုင်းအတိုင်ပင်ခံကောင်စီ သို့မဟုတ် အစုအဖွဲ့တစ်ခုကို တည်ဆောက်ပြီး စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်အားလုံး အပြီးတိုင် ချုပ်ငြိမ်းရေး၊ ကိုယ်ပိုင်ပြဌာန်းခွင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီစနစ် ပေါ်ထွန်းရေးတို့ကိုဖော်ဆောင်ရန်" ဆိုသည့် စစ်ကိုင်းအတွက် ဘုံရည်မှန်းချက်တစ်ရပ်ကို စစ်ကိုင်းဖိုရမ်က ရရှိခဲ့သည်။ ထို့အပြင် တိုင်းအဆင့်အရေးတကြီးလိုအပ်နေသည့် နိုင်ငံရေးဆိုင်ရာရေ့လုပ်ငန်းစဉ်များအဖြစ် တိုင်းအဆင့် အသွင်ကူးပြောင်းရေးကာလအစီအမံများ ပေါ်ပေါက်ရေး၊ တိုင်းအဆင့် ကိုယ်ပိုင်ပြဌာန်းခွင့်မူဝါဒများ ရေးဆွဲရေး၊ တိုင်းအတွင်း အုပ်ချုပ်ရေးနှင့် စစ်ရေးအဖွဲ့များအကြား အပြန်အလှန်ထိန်းကျောင်းနိုင်ရေးနှင့် ဒေသတွင်း ကာကွယ်ရေးအစုအဖွဲ့များ စုစည်းအားကောင်းနိုင်ရေးတို့ကို ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်နှင့်အညီ လုပ်ဆောင်သွားကြရန်ဟုလည်း သဘောထားပေးခဲ့ကြသည်ဟု ဆိုပါသည်။

ကရင်အမျိုးသားအစည်းအရုံး (KNU) ကတော့ စစ်ကိုင်းဖိုရမ်မှတဆင့် ဖက်ဒရယ်ယူနစ်တစ်ခုအဖြစ် ဖွဲ့စည်းနိုင်ရေး တိုက်တွန်းထားသလို ဖက်ဒရယ်ပြည်ထောင်စုသစ် တည်ဆောက်ရေးလုပ်ငန်းစဉ်တွင် စစ်ကိုင်းအနေဖြင့် ဖက်ဒရယ်ယူနစ်တစ်ခုအဖြစ် ဖွဲ့စည်းပါဝင်နိုင်ရန် မျှော်လင့်ကြောင်း သဝဏ်လွှာပေးပို့ခဲ့ပါသည်။

စစ်ကိုင်းဖိုရမ်ကို အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ ချင်းအမျိုးသားတပ်ဦး (CNF)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ကျောင်းသားတပ်မတော်)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KN PP)၊ ယောကာကွယ်ရေးတပ် (YDF)၊ ယောဒေသ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (YPDF)၊ ပြည်သူ့တော်လှန်ရေးတပ်ဦး (PRA)၊ အမျိုးသမီးစစ်သည်တော်တပ်ရင်း (မြောင်)၊ ဗမာပြည်သူ့လွတ်မြောက်ရေးတပ်တော် (BPLA)၊ 96 SOLDIERS – PDF (အညာဒေသ)၊ မြောင်မြို့နယ်ပြည်သူ့ကာကွယ်ရေးနှင့်လုံခြုံရေးအဖွဲ့၊ အထွေထွေသပိတ်ပေါင်းစပ်ညှိနှိုင်းရေးအင်အားစု (GSCB)၊ ပြည်သူ့ပန်းတိုင်အဖွဲ့၊ တ.က.သ ကျောင်းသားဟောင်းများအင်အားစု၊ ရတနာပုံတက္ကသိုလ်ကျောင်းသားများသမဂ္ဂ (ရ.တ.က.သ)၊ လူမျိုးပေါင်းစုံအထွေထွေသပိတ်ကော်မတီ (GSCN)၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ(ဌာနချုပ်)၊ ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ (KSCC)၊တအာင်းနိုင်ငံရေးအတိုင်ပင်ခံကော်မတီ (TPCC)၊ မွန်ပြည်ဖက်ဒရယ်ကောင်စီ (MSFC)၊ ဧရာဝတီပြည်နယ်ဖက်ဒရယ်ကောင်စီ (AYYSFC)၊ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) စသည့် နွေဦးတော်လှန်ရေး အင်အားစုအသီးသီးမှ သဝဏ်လွှာများပေးပို့ခဲ့သည်ကို တွေ့ရပါသည်။

## ကိန်းဂဏန်းအချက်အလက်များနှင့် ဖြစ်စဉ်ဖြစ်ရပ်များ

မိမိတို့ BNI - Myanmar Peace Monitor မှ လက်လှမ်းမီသမျှစုစည်းထားသည့် စာရင်းအရ စစ်ကိုင်းတိုင်းအတွင်း အမည်နာမမျိုးစုံဖြင့် ဖြစ်တည်ပေါက်ဖွားလာသော မြို့ပြဒေသအလိုက် PDF-LDF အရေအတွက်သည် ၈၆ ဖွဲ့အထိရှိပါသည်။ [1] စာရင်းတွင် မပါဝင် သေးသည့် PDF-LDF များ ကျန်ရှိနိုင်ပါသည်။ အဆိုပါ ၈၆ ဖွဲ့ဝင်မှ ပုလဲမြို့နယ်သည် PDF-LDF ၁၅ ဖွဲ့အထိအများဆုံးရှိနေပြီး မုံရွာမြို့နယ်တွင် ၉ ဖွဲ့၊ ရွှေဘိုမြို့နယ်တွင် ၈ ဖွဲ့၊ အရာ တော်မြို့နယ်တွင် ၇ ဖွဲ့၊ ဝက်လက်မြို့နယ်တွင် ၅ ဖွဲ့ စသဖြင့် အသီးသီးရှိနေပြီး စစ်ကောင်စီတပ်များအား ခုခံတော်လှန်စစ်ဆင်နွှဲနေလျက်ရှိပါသည်။

ခုခံတော်လှန်စစ်အခြေအနေကို လေ့လာကြည့်ပါက စစ်ကိုင်းတိုင်းအတွင်း အာဏာသိမ်းစစ်ကောင်စီတပ်နှင့် မြို့ပြဒေသအလိုက် PDF-LDF များအကြား တိုက်ပွဲဖြစ်ပွားမှုအခြေအနေသည် အရှိန်အဟုန်အပြင်းထန်ဆုံးဟု ဆိုနိုင်ပါသည်။ BNI - Myanmar Peace Monitor ၏ လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အချက်အလက်အခြေပြု ဒက်ရှ်ဘုတ်အရ စစ်အာဏာသိမ်းကာလ ၂၀၂၃ ခု မေလ ၁၆ ရက်အထိ မြန်မာတစ်နိုင်လုံးတွင် ဖြစ်ပွားနေသော စစ်ကောင်စီတပ်နှင့် PDF-LDF များအကြား တိုက်ပွဲများအားလုံး၏ ၃၅ ရာခိုင်နှုန်းကျော် (တိုက်ပွဲဖြစ်ရက်ပေါင်း ၆၆၅ ရက်) သည် စစ်ကိုင်းတိုင်းအတွင်း ဖြစ်ပွားနေခြင်းဖြစ်သည်။ စစ်ကိုင်းတိုင်းအတွင်း မြို့နယ်အလိုက် တိုက်ပွဲဖြစ်ပွားမှုကိုလေ့လာကြည့်ပါကပုလဲမြို့နယ်

1 People's Defense Force Dashboard http://rb.gy/nmvp8

အတွင်း တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၆၀ အထိ ရှိခဲ့ပြီး မင်းကင်းမြို့နယ်တွင် တိုက်ပွဲဖြစ်မှုရက်ပေါင်း ၄၂ ရက်၊ ကနီမြို့နယ်တွင် တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၃၈ ရက်ရှိခဲ့ပါသည်။ အရာတော်၊ ဘုတလင်၊  အင်းတော်၊ ကသာနှင့် ခင်ဦးမြို့နယ်များတွင်လည်း တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၂၀ အထက် တွင် ရှိနေကြပါသည်။ [2]

စစ်အာဏာသိမ်းမှု၏ နောက်ဆက်တွဲသက်ရောက်မှုအဖြစ် ပြည်တွင်းစစ် အပြန့်ကျယ်လာခြင်းနှင့်အတူ နိုင်ငံတဝှမ်းလုံးတွင် စစ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြရသည့် အရပ်သားပြည်သူပေါင်း ၁ ဒသမ ၆ သန်းနီးပါးရှိလာပြီဖြစ်သည်။ ထိုအနက် စစ်ဘေးရှောင်အရေအတွက် ၇ သိန်းနီးပါး (၄၃ ရာခိုင်နှုန်းကျော်)သည် စစ်ကိုင်းတိုင်းအတွင်း ရှိနေပြီး ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများရရှိနိုင်ရေး အလှမ်းဝေးနေဆဲဖြစ်သည်။ စစ်ကိုင်းတိုင်းအတွင်း စစ်ကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်နေကြရသည့် စစ်ဘေးရှောင်များအခြေအနေကို မြို့နယ်အလိုက်လေ့လာကြည့်ပါ ခင်ဦးမြို့နယ်သည် စစ်ရှောင်ပြည်သူ ၁ ဒသမ ၂ သိန်းနီးပါးရှိပြီး အများဆုံးဖြစ်နေသည်ကိုတွေ့ရသည်။ ကန့်ဘလူနှင့် ဆားလင်းကြီးမြို့နယ်တို့တွင်လည်း စစ်ဘေးရှောင်အရေအတွက် ၆၀၀၀၀ ကျော်၊ ၇၀၀၀၀ နီးပါးရှိနေသည်ကိုတွေ့ရပါသည်။ [3]

ခုခံတော်လှန်စစ် အရှိန်အဟုန်ပြင်းထန်လာသည်နှင့်အမျှ စစ်ကိုင်းတိုင်းအတွင်း အာဏာသိမ်းစစ်အုပ်စု၏ နယ်မြေစိုးထိန်းချုပ်နိုင်စွမ်းသည် အကန့်အသတ်ဖြစ်လာသည်




2 People's Defense Force Dashboard http://rb.gy/nmvp8

3 Internally Displaced Persons Situation in Myanmar http://rb.gy/dudnu



ကိုသတိပြုမိပါသည်။ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အထိ data for Myanmar မှ ထုတ်ပြန်ထားသောစာရင်းအရ စစ်ကိုင်းတိုင်းအတွင်း အာဏာသိမ်းစစ်ကောင်စီတပ်များမှ မီးရှို့ဖျက်ဆီးခဲ့သော အရပ်သားပြည်သူပိုင် နေအိမ်အဆောက်အဦပေါင်း ၄၇၇၇၈ လုံးရှိကာ နိုင်ငံတဝှမ်းမီးရှို့ဖျက်ဆီးမှုများအနက် အများဆုံးခံရသည့်ဒေသလည်းဖြစ်နေပါသည်။

ထို့အပြင် ကန့်ဘလူမြို့နယ် ပဇီကြီးရွာဖြစ်စဉ်ကဲ့သို့ အရပ်သားပြည်သူများအစုလိုက်အပြုံလိုက် သတ်ဖြတ်နိုင်စွမ်းရှိသည့် လေကြောင်းတိုက်ခိုက်မှုများကို လေ့လာကြည့်လျှင်လည်း စစ်ကိုင်းတိုင်းသည် အာဏာသိမ်းစစ်ကောင်စီတပ်၏ လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်မှုအခံရဆုံးဒေသဖြစ်ပါသည်။ ဒီပဲယင်းမြို့နယ် လက်ယက်ကုန်းရွာ စာသင်ကျောင်းအား လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်သတ်ဖြတ်မှုဖြစ်စဉ်သည်လည်း စစ်ကိုင်းတိုင်းအပေါ် ထားရှိသည့် အာဏာသိမ်းစစ်ကောင်စီ၏ လူသားမဆန်မှု ထင်ရှားစွာပြသနေသည်ဟုဆို နိုင်ပါသည်။

ဆိုရသော် စစ်ကိုင်းတိုင်းတွင် လက်နက်မဲ့ ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်နေကြသည့် သပိတ်စစ်ကြောင်းများ ဆက်လက်အသက်ဝင်နေဆဲဖြစ်သကဲ့သို့ လက်နက်စွဲကိုင် ခုခံတော်လှန်ရေးအင်အားစုများ၏ ခုခံတော်လှန်စစ်အရှိန်အဟုန်သည်လည်း ဆက်လက်မြင့်တက်လာမည့် အခြေအနေမျိုးတွင် ရှိနေပါသည်။ အာဏာသိမ်းစစ်အုပ်စု၏ နယ်မြေထိန်းချုပ်နိုင်စွာ ကျုံ့ဝင်ကျဉ်းမြောင်းလာနေသည့် စစ်ကိုင်းတိုင်းသည် နွေဦးတော်လှန်ရေး၏ ပထမဆုံးလွတ်မြောက်နယ်မြေတစ်ခုဖြစ်လာနိုင်သည်ဟုပင် စစ်ရေးနိုင်ငံရေးအကဲခတ်များက ရှုမြင်မှုများရှိကြပါသည်။

# သုံးသပ်တင်ပြချက်

အထက်တွင် တင်ပြထားသည့်အတိုင်း စစ်ကိုင်းတိုင်းအတွင်း တိုက်ပွဲဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များနှင့် ဖြစ်စဉ်ဖြစ်ရပ်များကို ထောက်ရှုကြည့်ပါက စုံလင်ကွဲပြားနေပြီး ကိုယ့်နည်းကိုယ့်ဟန် ရပ်တည်လှုပ်ရှားရင်း အာဏာသိမ်းစစ်ကောင်စီတပ်များအား ခုခံတော်လှန်နေကြသည့် မြို့ပြဒေသအလိုက် PDF-LDF သည် ရဲစိတ်ရဲမာန်အပြည့်ဖြင့် ခုခံတော်လှန်စစ်အရှိန်ကို မြှင့်တင်နေကြသော်လည်း စုစည်းညီညွတ်မှုနှင့် ပူးပေါင်းလှုပ်ရှားနိုင်မှုအပိုင်းတွင်တော့ မေးခွန်းထုတ်ခံနေရဆဲ ဖြစ်ပါသည်။

အသက်နှင့် ခန္ဓာပေါင်းများစွာ ပေးဆပ်ခဲ့ကြရသည့်တိုင် အာဏာသိမ်းစစ်အုပ်စု၏ လူသားမဆန်သည့် လုပ်ရပ်များအား ကြံ့ကြံ့ခံတိုက်ပွဲဝင်နေကြသည့် စစ်ကိုင်းဒေသ၏ လူထုတော်လှန်ရေးသည် ပုံသဏ္ဌာန်မျိုးစုံ၊ နည်းလမ်းမျိုးစုံဖြင့် ဆက်လက်သက်ဝင်နေဆဲဖြစ်သည်။ အိန္ဒိယနိုင်ငံ နာဂဒေသ၊ မဏိပူပြည်နယ်တို့နှင့် နယ်နမိတ် ထိစပ်နေသော စစ်ကိုင်းတိုင်းသည် ကချင်၊ ရှမ်းမြောက်၊ မန္တလေး၊ မကွေး၊ ချင်းတို့နှင့်လည်း နယ်နမိတ်ထိစပ်နေသည်။ ပထဝီဝင်အနေအထားအရ ရှမ်းပြည်နယ်ပြီးလျှင် ဒုတိယအကြီးဆုံးအကျယ်အဝန်းရှိသည့် စစ်ကိုင်းတိုင်းသည် စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ချေမှုန်းရေးအတွက် ဦးတည်တိုက်ပွဲဝင်နေကြသော နွေဦးတော်လှန်ရေး၏ အရေးပါသည့် နိုင်ငံရေး၊ စစ်ရေး မျက်နှာစာတစ်ခု ဖြစ်နေသည်ဟု ဆိုရပါမည်။

မြို့နယ်ပေါင်း ၃၇ မြို့နယ်၊ လူဦးရေ ၅ သန်းကျော်ရှိသည့် စစ်ကိုင်းတိုင်းအတွင်း နိုင်ငံရေးအရ အမြင်သဘောထားများစုစည်းနိုင်မှု၊ စစ်ရေးအရ ပေါင်းစည်းနိုင်မှုနှင့် ခိုင်မာအားကောင်းသည့် အုပ်ချုပ်ရေးဆိုင်ရာ အစီအမံများ စနစ်တကျ ပုံဖော်ဆောင်ရွက်နိုင်ရေးသည် မဖြစ်မနေလိုအပ်လာနေပြီဖြစ်သည်။ စစ်ကိုင်းဖိုရမ်၏ ရည်မှန်းချက်နှင့် နိုင်ငံရေးအရ ရှေ့လုပ်ငန်းစဉ်များသည် စစ်ကိုင်းဒေသလွတ်မြောက်နယ်မြေ၏ လမ်းစတစ်ခုဖြစ်လာနိုင်ပေသည်။

စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ချေမှုန်းရေး၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးအတွက် ဦးတည်နေသော နွေဦးတော်လှန်ရေးအတွင်း အင်အားစုအသီးသီး၏ နိုင်ငံရေး၊ စစ်ရေးပိုမိုအားကောင်းစေရေးအတွက် ချိတ်ဆက်ဆောင်ရွက်နိုင်မှု၊ ပူးပေါင်းမှုခွန်အားနှင့် အပြန်အလှန်ယုံကြည်မှုကို အခြေခံကာ လက်တွေ့ကျသည့် စစ်ရေး၊ နိုင်ငံရေး အခင်းအကျင်းအသစ်များဆီ ခေါ် ဆောင်သွားနိုင်ကြောင်း ရှုမြင်သုံးသပ်မိပါသည်။

“ အသက်နှင့်ခန္ဓာပေါင်းများစွာ ပေးဆပ်ခဲ့ကြရသည့်တိုင် အာဏာသိမ်းစစ်အုပ်စု၏ လူသားမဆန်သည့် လုပ်ရပ်များအား ကြံ့ကြံ့ခံ တိုက်ပွဲဝင်နေကြသည့် စစ်ကိုင်းဒေသ၏ လူထုတော်လှန်ရေးသည် ပုံသဏ္ဌာန်မျိုးစုံ၊ နည်းလမ်းမျိုးစုံဖြင့် ဆက်လက်သက်ဝင်နေဆဲ ဖြစ်သည်။ ”

# Weekly HighLight Quote

“

အမျိုးသမီးဖြစ်နေတဲ့အတွက်ကြောင့်
ဘယ်လောက်ပဲ အင်အားကြီးတဲ့အမျိုးသမီးဖြစ်ပါစေ၊
စိတ်အားငယ်တာမျိုး ဖြစ်တတ်တယ်။
အဲ့လိုမျိုးဖြစ်လာရင် ငါ ဒီလိုစိတ်ဓါတ်မျိုးနဲ့ဝင်လာတာပဲ
ဘာလို့ မဖြစ်ရမှာလဲ၊ဖြစ်ကို ဖြစ်ရမယ်ဆိုတဲ့
စိတ်ဓာတ်မျိုးနဲ့ အားပြန်တင်းပါ။
ပြီးတော့ ရှေ့ဆက်ပြီးတိုက်ကြပါ။
ပါဝင်နေတဲ့ အမျိုးသမီးတိုင်းကိုလည်း ဂုဏ်ယူပါတယ်

”

ကျားခင်စိန်
မြောင်အမျိုးသမီးဒရုန်းတပ်ဖွဲ့
- T.G.R ခေါင်းဆောင်


(BNI-Myanmar Peace Monitor ၏
"မြောင်အမျိုးသမီးဒရုန်းတပ်ဖွဲ့
(T.G.R) ခေါင်းဆောင်ကျားခင်စိန်နှင့်
အမေးအဖြေ"မှ ကောက်နှုတ်သည်)



# အပိုင်း ၂


## တစ်ပတ်အတွင်း ဘာတွေဖြစ်ခဲ့သလဲ

BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ မေလ ၂၄ ရက်မှ ၃၀ ရက် တစ်ပတ်တာအတွင်း အာဏာသိမ်းစစ်ကောင်စီတပ်နှင့် မြို့ပြဒေသ အလိုက်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF/LDF) များ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (ERO) များအကြား တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၃၂ ရက် ရှိခဲ့ပါသည်။ တိုင်းနှင့် ပြည်နယ်အလိုက် နှိုင်းယှဉ်ကြည့်ပါက စစ်ကိုင်းတိုင်းသည် တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၁၄ ရက်အထိရှိခဲ့ပြီး အများဆုံးဖြစ်ခဲ့ပါသည်။ မိမိတို့အနေဖြင့် တိုက်ပွဲဖြစ်ပွားမှု အခြေအနေများကို ကောက်ယူမှတ်တမ်းပြုရာတွင် မြို့နယ်အလိုက် ရက်ဖြင့်သာ မှတ်တမ်းတင်ထားသည့်အတွက် အကြိမ်ရေအားဖြင့်မှု ယခုထက်ပိုမို များပြားနိုင်ပါသည်။




**၃၂ ရက်**

တစ်ပတ်အတွင်း
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း




## စစ်ကောင်စီတပ်သား၊ ပြည်သူ့ကာကွယ်ရေးတပ်သား၊ အရပ်သားသေဆုံးမှု

၂၄ - ၃၀ မေ ၂၀၂၃

၁၇၄ စစ်ကောင်စီတပ်သားသေဆုံးမှု

၂၀ ပြည်သူ့ကာကွယ်ရေးတပ်သား သေဆုံးမှု


၄၆ အရပ်သားသေဆုံးမှု




## ၁၃၀၀၀ စစ်ဘေးရှောင်အရေအတွက် (၂၄-၃၀ မေ ၂၀၂၃)




**စုစုပေါင်း တိုက်ပွဲအရေအတွက် ၁၄ ရက်**





# စစ်ကိုင်းတိုင်း

ဆားလင်းကြီး၊ ဗန်းမောက်၊ မုံရွာ၊ ကလေး၊ ပုလဲ နှင့် အင်းတော်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ဒေသအလိုက် PDF တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၀၃ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် ယင်းမာပင်၊ ခင်ဦး၊ မုံရွာနှင့် ဘုတလင်မြို့နယ်များတွင် စစ်ကောင်စီတပ်မိုင်းဆွဲတိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်သား ၃၁ ဦး သေဆုံးခဲ့သည်။ မေလ ၂၈ ရက်နေ့က ယင်းမာပင်မြို့နယ်၊ မုံရွာ-ပုသိမ်လမ်းခွဲအနီး အောင်ဇေယျ တပ်ကုန်းတွင် လင်မယားအချင်းချင်း ရန်ဖြစ်ကြရာက မိန်းမဖြစ်သူက အီနာဂါလက်ပစ်ဗုံးဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင် ကိုထွေး နေအိမ်အတွင်း သေဆုံးခဲ့သည်။ မေလ ၂၈ ရက်နေ့က ရွှေဘိုမြို့နယ်၊ ချီပါကျေးရွာအနီး မြစ်ကမ်းစပ်မှာ သစ်တောဦးစီးအရာရှိ ဦးမျိုးသန့်ဇင်ထွန်းဆိုသူ အမည်မသိ လက်နက်ကိုင်တပ်ဖွဲ့၏ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သည်။ မေလ ၂၉ ရက်နေ့က မြင်းမူမြို့၊ အောင်ဇေယျကွက်သစ် ၁၉ လမ်းမှာရှိသည့် ကြံ့ခိုင်ရေးပါတီရုံးနားမှာ ဗုံးကွဲမှုဖြစ်ပြီး ဆိုင်ကယ်စီးလာသူ အမျိုးသား ၂ ယောက် သေဆုံးခဲ့သည်။ စစ်ကောင်စီတပ်ပစ်ခတ်မှုကြောင့် အင်းတော်၊ ဗန်းမောက်၊ အရာတော်နှင့် ကောလင်းမြို့နယ်များမှ ပြည်သူ ၅ ဦး သေဆုံးခဲ့သည်။ ထို့အပြင် စစ်ကောင်စီတပ် စစ်ကြောင်းထိုးလာသောကြောင့် ကနီနှင့် စစ်ကိုင်းမြို့နယ်များမှ ဒေသခံပြည်သူ ၉၀၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။




စုစုပေါင်း
တိုက်ပွဲအရေအတွက်
၃ရက်





## မကွေးတိုင်း

ရေစကြိုနှင့် ဂန့်ဂေါမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)၊ ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၃ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် မေလ ၂၆ ရက် နေ့မှစ၍ ရေစကြိုမြို့နယ်၊ ရေလယ်ကျွန်းဒေသရှိ ကျေးရွာများကို စစ်ကောင်စီတပ်က လက်နက်ကြီးများဖြင့် ပစ်ခတ်စစ်ကြောင်းထိုးစဉ် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ပြီး ဒေသခံပြည်သူ ၁၀၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။





စုစုပေါင်း
တိုက်ပွဲအရေအတွက်
၁ရက်





## မန္တလေးတိုင်း

မေလ ၂၈ ရက်နေ့က မိုးကုတ်မြို့အရှေ့ပိုင်း၊ မင်းတံတားရပ်ကွက်၊ အောင်မြေမင်္ဂလာကျောင်းနှင့် လျှပ်စစ်ရုံးတို့မှာ တပ်စွဲထားသည့် စစ်ကောင်စီတပ်ကို ကချင်လွတ်လပ်ရေးတပ်မတော်(KIA) နှင့် ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်တို့က ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး စစ်ကောင်စီတပ်မှ ၆ ဦး ကျဆုံးခဲ့သည်။ မေ ၂၄ ရက်နေ့က နွားထိုးကြီးမြို့နယ်၊ ထနောင်းပင်လဲ ကျေးရွာအနီးမှာ အမျိုးသား ၂ ဦး အမည်မသိလက်နက်ကိုင်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။ မေလ ၂၉ ရက်နေ့က သပိတ်ကျင်းမြို့နယ်၊ ကြာညှပ် ကျေးရွာအုပ်စု၊ ကိုးပင်ကျေးရွာနေ ပျူစောထီး သင်တန်းဆင်း ကိုဟိန်းဂင်းဇော် ဆိုသူသည် အမည်မသိ လက်နက်ကိုင်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။ စစ်ကောင်စီတပ် သတ်ဖြတ်မှုကြောင့် မြင်းခြံ၊ တောင်သာနှင့် သပိတ်ကျင်းမြို့နယ်များမှ ဒေသခံပြည်သူ ၃ ဦး သေဆုံးခဲ့သည်။ မေလ ၂၆ ရက်နေ့က တံတားဦးမြို့နယ်၊ ထောက်ရစ်ကျေးရွာတွင် ပြည်ခိုင်ဖြိုးပါတီ ရပ်ကျေးဥက္ကဋ္ဌ အပါအဝင် ပါတီဝင် ၅ ဦး အမည်မသိ လက်နက်ကိုင်တပ်ဖွဲ့၏ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။ မေလ ၂၄ ရက်နေ့က မြင်းခြံမြို့နယ်၊ မကျီးစုရွာကို စစ်ကောင်စီတပ် စစ်ကြောင်းထိုး ဝင်ရောက်လာသောကြောင့် ဒေသခံပြည်သူ ၁၀၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။



## စုစုပေါင်း တိုက်ပွဲအရေအတွက် ၂ ရက်





တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း

- ၀ - ၀
- ၀ - ၁

# ကရင်ပြည်နယ်


မေလ ၂၅ ရက်နေ့က ကော့ကရိတ်မြို့အနီး တမိုင်ကုန်းကျေးရွာတွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA) တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် မေလ ၂၆ ရက်နေ့က လမ်းကင်းလှည့်နေသည့် နယ်ခြားစောင့်တပ် (BGF) ကို ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) က ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး နယ်ခြားစောင့်တပ်မှ ၅ ဦး သေဆုံးခဲ့သည်။








# ပဲခူးတိုင်း

မေလ ၂၅ ရက်နေ့က ဒိုက်ဦးမြို့နယ်၊ ကျိုက်ဇကော အကျဉ်းထောင်မှ နိုင်ငံရေးအကျဉ်းသား ၂၀ ဦးကို စစ်ကောင်စီတပ်သားများက စစ်ကြောရေးသို့ခေါ်ဆောင်သွားပြီးနောက် ၎င်းတို့အထဲမှ ကိုသန့်ဇင်ဝင်းဆိုသူသည် အသတ်ခံလိုက်ရသည်။ တောင်ငူအကျဉ်းထောင်မှ နိုင်ငံရေးအကျဉ်းသားများ ထွက်ပြေးလွတ်မြောက်မှုဖြင့် စစ်ဆေးခံနေရသော တပ်ကြပ်ကြီးကျော်ထွေးဆိုသူသည် မေလ ၂၉ ရက်နေ့က စစ်ကြောရေး၌ သေဆုံးခဲ့သည်။



စုစုပေါင်း
တိုက်ပွဲအရေအတွက်
၃ရက်





# ရှမ်း (သျှမ်း) ပြည်နယ်

မိုးမိတ်၊ ပင်လောင်းနှင့် ဖယ်ခုံမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၄ ဦး ကျဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၂ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် မေလ ၂၇ ရက် နေ့မှစတင်၍ ဖယ်ခုံမြို့နယ်အတွင်း တိုက်ပွဲတွင် စစ်ကောင်စီတပ်၏ လေကြောင်းတိုက်ခိုက်မှု၊ သေနတ်ဖြင့် ပစ်ခတ်မှုများကြောင့် ဒေသခံပြည်သူ ၄ ဦး သေဆုံးခဲ့သည်။ မေလ ၂၈ ရက်နေ့က ကွန်ဟိန်းမြို့နယ်၊ ကာလိမြို့နေ ဝမ်တုံ ကျေးရွာတွင်နေထိုင်သည့် အသက် ၃၀ ကျော်အရွယ်ရှိ နန်းခမ်းစံဆိုသူ အမျိုးသမီး ၁ ဦး အမည်မသိလက်နက်ကိုင်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။








# ကရင်နီ (ကယား) ပြည်နယ်

မေလ ၂၄ ရက်မှစတင်၍ ဒီးမော့ဆိုမြို့နယ်တွင် စစ်ကောင်စီတပ်က လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ကရင်နီ ဒေသခံပြည်သူ ၅ ဦးသေဆုံး၍ ဒေသခံကာကွယ်ရေးတပ်မှ ရဲဘော် ၉ ဦး ကျဆုံးခဲ့သည်။ မေလ ၂၉ ရက်နေ့က ဘောလခဲ- ဖားဆောင်း လမ်းမကြီးပေါ် သွားလာနေသည့် အိမ်စီးကားတစ်စီး ပစ်ခတ်ခံရပြီး ကားပေါ်လိုက်ပါစီးနင်းလာသည့် အမျိုးသမီး ၁ ဦး သေဆုံးခဲ့သည်။

စုစုပေါင်း
တိုက်ပွဲအရေအတွက်
၃ ရက်









## တနင်္သာရီတိုင်း

ကျွန်းစုနှင့် ပုလောမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထို့အပြင် မေလ ၂၃ ရက်နေ့က ရေဖြူမြို့နယ်၊ ကျောက်ကညှာရွာအနီးမှာ စစ်ကောင်စီတပ် မိုင်းဆွဲတိုက်ခိုက်ခံ ရပြီး စစ်ကောင်စီတပ်သား ၂ ဦး သေဆုံးခဲ့သည်။ မေလ ၂၈ ရက်နေ့က ပုလောမြို့နယ်၊ မကျည်းကုန်းရွာနှင့် ကျောင်းနိမ့်ရွာအစပ်တွင် ဒေသခံ ၁ ဦး မိုင်းနင်းမိပြီး သေဆုံးခဲ့သည်။ မေလ ၃၀ ရက်နေ့က ထားဝယ်မြို့ပေါ်တွင် ကင်းလှည့်နေသည့်စစ်ကောင်စီတပ်ဖွဲ့က သေနတ်ဖြင့်ပစ်ခတ်သောကြောင့် ခွေးစာကျွေးနေသည့် ဇရစ်ရပ်ကွက်မှ ဒေသခံအမျိုးသားနှစ်ဦး သေဆုံးခဲ့သည်။ မေလ ၂၇ ရက်နေ့က ကျွန်းစုမြို့နယ်၊ ဘန္ဒနဲကျေးရွာတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့သောကြောင့် ဘန္ဒနဲကျေးရွာအုပ်စုရှိ ကျေးရွာလေးရွာမှ ဒေသခံ ပြည်သူ ၂၀၀၀ ခန့် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။

စုစုပေါင်း
တိုက်ပွဲအရေအတွက်
၂ ရက်





## မွန်ပြည်နယ်

ကျိုက်ထိုနှင့် ရေးမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)၊ ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၃ ဦး ကျဆုံးခဲ့သည်။ မေလ ၂၆ ရက်နေ့က ပေါင်မြို့နယ်၊ အင်းပြောင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးမိဆိုသူသည် အမည်မသိလက်နက်ကိုင်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။ မေလ ၂၇ ရက်နေ့က ဘီးလင်းမြို့နယ်၊ ဒေါင်းရွာအတွင်း တပ်စွဲထားသော စစ်ကောင်စီတပ်သားများအား KNLA၊ PDF ပူးပေါင်းတပ်ဖွဲ့များမှ ဒရုန်းဖြင့် ပုံးသီးပစ်ချတိုက်ခိုက်ခဲ့ရာ ပုံးသီးတစ်လုံးသည် ပစ်မှတ်လွဲပြီး ဒေါင်းကျေးရွာရှိ ခြံဝန်းတစ်ခုအတွင်း ကျရောက်ပေါက်ကွဲသောကြောင့် ဒေသခံ ဆယ်ကျော်သက် လူငယ် ၂ ဦး ထိမှန်သေဆုံးခဲ့သည်။ မေလ ၃၀ ရက်နေ့က ရေးမြို့နယ်၊ ပိန်နဲတောကျေးရွာအနီး တိုက်ပွဲတွင် စစ်ကောင်စီတပ်၏ ပစ်ခတ်မှုကြောင့် ဒေသခံအမျိုးသား ၁ ဦး သေဆုံးခဲ့သည်။







# ရန်ကုန်တိုင်း

မေလ ၂၄ ရက်နေ့က ဒဂုံမြို့သစ်တောင်ပိုင်း၊ ရွာသာကြီးစီးပွားရေးတက္ကသိုလ်အနီး အမှတ် (၂) လမ်းမကြီးပေါ်မှာ အရပ်သားကားတစီးကို စစ်ကောင်စီတပ်ဖွဲ့က ပစ်ခတ်ခဲ့သောကြောင့် ကားထဲမှာ လိုက်ပါခဲ့သည့် ပြည်သူ ၅ ဦး သေဆုံးခဲ့သည်။ မေလ ၂၆ ရက်နေ့က မြောက်ဒဂုံမြို့နယ်၊ ၄၈ ရပ်ကွက်၊ ဗထူးလမ်းနှင့် ဇေယျာသိဒ္ဓိလမ်းထောင့်က ရွှေသုခလက်ဖက်ရည်ဆိုင်တွင် အမျိုးသားရေးလှုပ်ရှားသူ ၁ ဦး အမည်မသိလက်နက်ကိုင်တပ်ဖွဲ့၏ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။ မေလ ၃၀ ရက်နေ့က စစ်ကောင်စီနှင့်ပတ်သက်ဆက်နွယ်နေသည့် အဆိုတော် လီလီနိုင်ကျော်အား ရန်ကင်းမြို့နယ်၊ (၂) ရပ်ကွက်၊ ရန်အောင်လမ်းရှိ တိုက်အမှတ် ( ၂၆၅ ) နေအိမ်ရှေ့နားတွင် ပြည်သူ့ကာကွယ်ရေးတပ်က ပစ်ခတ်ရှင်းလင်းခဲ့သည်။


---

စုစုပေါင်း
တိုက်ပွဲအရေအတွက်
၄ရက်




# ချင်းပြည်နယ်

ထန်တလန်နှင့် မင်းတပ်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ချင်းဒေသကာကွယ်ရေးပူးပေါင်းတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၃ ဦးသေဆုံး၍ ဒေသကာကွယ်ရေးတပ်မှ ၉ ဦးသေဆုံးခဲ့သည်။ မေလ ၂၄ ရက်နေ့က ဟားခါးမြို့၊ မြို့သစ်ရပ်ကွက်၊ ဂေါက်ကွင်းနားတွင်နေထိုင်သူ ဦးချန်ကီယာန်းသည် တောထဲဆိတ်အစာ ထွက်ရှာနေစဉ် မိုင်းနင်းမိ၍ သေဆုံးခဲ့သည်။





မြန်မာနိုင်ငံအပေါ် ဝိုင်းဝန်းပိတ်ဆို့ဒဏ်ခတ်ပြစ်ဒဏ်ချမှတ်ရေးနှင့် ပတ်သက်ပြီး မိတ်ဖက်နိုင်ငံများနှင့် ဆွေးနွေးညှိနှိုင်းမှုများဆောင်ရွက်ခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ မေလ ၂၄ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

မြန်မာနိုင်ငံအပေါ်ချမှတ်ထားသည့် ပိတ်ဆို့အရေးယူမှုများကို ဆက်လက်ညှိနှိုင်းဆောင်ရွက်ရေးအတွက် အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ယူနိုက်တက်ကင်းဒမ်း၊ ဥရောပသမဂ္ဂ၏ ပိတ်ဆို့ပြစ်ဒဏ်ချမှတ်ရေးနှင့် အကောင်အထည်ဖော်ရေးအဖွဲ့၊ ဥရောပသမဂ္ဂ၏ နိုင်ငံခြားရေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့က တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်ပြီး၊ မြန်မာနိုင်ငံသားများအပေါ် စစ်ကောင်စီတပ်မှအကြမ်းဖက်မှုများကို ဆက်လက် မကျူးလွန်နိုင်စေရေးအတွက် မိတ်ဘက်အဖွဲ့အစည်းများအကြား တိုက်ရိုက်ချိတ်ဆက်ပူးပေါင်းမှုများ ဆက်လက်ဆောင်ရွက်ရန်လိုအပ်ကြောင်းနှင့် သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးပါဝင်သော စစ်မှန်သည့်ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ မြန်မာနိုင်ငံ ပြန်လည်ရောက်ရှိစေရေးအတွက် စစ်ကောင်စီတပ်ကို ဆက်လက်ဖိအားပေးနေရန် လိုအပ်ကြောင်း မိတ်ဘက်အဖွဲ့အစည်းများမှ တင်ပြဆွေးနွေးခဲ့ကြပါသည်။

ပြင်သစ်အခြေစိုက် နယ်စည်းမခြားသတင်းထောက်များအဖွဲ့ (RSF) သည် မြန်မာစစ်ခေါင်းဆောင်များအား ပိတ်ဆို့အရေးယူမှုအသစ်များ ထပ်မံချမှတ်ရန် မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာတွမ်အင်ဒရူး (Tom Andrews) ကို မေလ ၂၆ ရက်တွင် တိုက်တွန်းခဲ့ပါသည်။ Myanmar Pressphoto

Agency မှ ရုပ်သံသတင်းထောက် မမူးရတနာခက်မို့မို့ထွန်းသည် မေလ ၂၆ ရက်က ထောင်ဒဏ် ၁၀ နှစ် ထပ်မံချမှတ်ခံရပြီးနောက် စစ်ကောင်စီကို အရေးယူဖို့ RSF က တိုက်တွန်းလိုက်ခြင်းဖြစ်ပါသည်။

ထို့ပြင် အမေရိကန်ပြည်ထောင်စု အခြေစိုက်သတင်းသမားများ ကာကွယ်စောင့်ရှောက်ရေးကော်မတီ (CPJ) က ဖမ်းဆီးခံထားရသည့် သတင်းထောက်အားလုံးကို ခြွင်းချက်မရှိ လွှတ်ပေးရန် မေလ ၃၀ ရက်က တိုက်တွန်းထားပါသည်။ RSF စာရင်းများအရ စစ်တပ်အာဏာသိမ်းပြီးနောက် မြန်မာနိုင်ငံတွင် သတင်းသမား အယောက် ၇၀ ခန့် ဖမ်းဆီးခံခဲ့ရကြောင်း သိရပါသည်။

ပြီးခဲ့သည့်လက မြန်မာနိုင်ငံသို့ရောက်ရှိလာခဲ့သည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဘန်ကီမွန်းက အာဏာသိမ်းစစ်တပ်၏ အကြမ်းဖက်မှုများအဆုံးသတ်နိုင်အောင် မြန်မာစစ်ခေါင်းဆောင်များကို သံတမန်ရေးအရ ပိုမိုဖိအားပေးကြရန် မေလ ၃၁ ရက်က တိုက်တွန်းပြောကြားထားပါသည်။

မစ္စတာဘန်ကီမွန်းသည် မြန်မာနိုင်ငံသို့ရောက်လာစဉ် စစ်ကောင်စီတပ်ခေါင်းဆောင်များအပြင် အခြားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များနှင့်လည်း အဆက်အသွယ်ရှိခဲ့သူဖြစ်ကြောင်း၊ လက်ရှိတွင်လည်း စစ်ကောင်စီတပ်ခေါင်းဆောင်များအပါအဝင် အာဆီယံ- အရှေ့တောင်အာရှနိုင်ငံများအသင်း လက်ရှိဥက္ကဋ္ဌ အင်ဒိုနီးရှား သမ္မတနှင့် အမျိုးသားညီညွတ်ရေးအစိုးရ NUG တို့နှင့်လည်း ဆက်လက်ဆက်သွယ်နေဆဲဖြစ်ကြောင်း သိရပါသည်။

အာဆီယံအဖွဲ့အနေဖြင့် မြန်မာ့အကျပ်အတည်းအရေးကို ကိုင်တွယ်ရန် ၎င်း၏ ကာလကြာရှိနေသော ကြားဝင်မစွက်ဖက်ရေးမူဝါဒကို စွန့်လွှတ်သေားချိတ်ထားသင့်ပြီဖြစ်ကြောင်းနှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့်လည်း ကမ္ဘာလုံးဆိုင်ရာပြဿနာများကို အမှန်တကယ် ဖြေရှင်းနိုင်မည့်အဖွဲ့သစ်တစ်ခုဖြင့် အစားထိုးသင့်ကြောင်း မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီယာမိုဟာမက်က မေလ ၂၆ ရက်တွင် ပြောကြားခဲ့ပါသည်။

ရိုဟင်ဂျာတွေအပေါ် လူမျိုးတုံးသတ်ဖြတ်မှု စွဲချက်အတွက် စစ်ကောင်စီဘက်က ထုချေလွှာတင်သွင်းရမည့်ရက်ကို နိုင်ငံတကာတရားရုံး (ICJ) က နောက်ထပ် သုံးလ ရွှေ့ဆိုင်းခဲ့သည့်အပေါ် စိတ်ပျက်မိကြောင်း ရိုဟင်ဂျာဒုက္ခသည်များနှင့် လူ့အခွင့်အရေး လှုပ်ရှားသူများက ပြောထားပါသည်။ ယခုရွှေ့ဆိုင်းမှုကို စစ်ကောင်စီဘက်မှ အဆင်သင့်မဖြစ်သေးဟုဆိုကာ ရွှေ့ဆိုင်းလိုက်သည့်အပေါ် ICJ တရားရုံးအနေဖြင့် ယခုကဲ့သို့ အကြိမ်ကြိမ်ရွှေ့ဆိုင်းပေးနေခြင်းသည် လူမျိုးတုံးသတ်ဖြတ်မှုကျူးလွန်ထားသည့် စစ်ကောင်စီတပ်အပေါ် အချိန်ရအောင် အခွင့်အရေးပေးသကဲ့သို့ဖြစ်နေကြောင်း ရိုဟင်ဂျာဒုက္ခသည်အသိုင်းအဝန်းက ဝေဖန်ထားပါသည်။

> အမေရိကန်ပြည်ထောင်စု အခြေစိုက်သတင်းသမားများ ကာကွယ်စောင့်ရှောက်ရေး ကော်မတီ (CPJ) က ဖမ်းဆီးခံထားရသည့် သတင်းထောက်အားလုံးကို ခြွင်းချက်မရှိ လွှတ်ပေးရန် မေလ ၃၀ ရက်က တိုက်တွန်းထားပါသည်။

မှတ်ချက်။ ။

တစ်ပတ်အတွင်းဘာတွေဖြစ်ခဲ့သလဲ
ကဏ္ဍအတွင်း အကိုးအကား
သတင်းအရင်းအမြစ်များကို
Burma News International - BNI၏
အဖွဲ့ဝင်သတင်းဌာန (၁၅) ဖွဲ့အပြင်
အခြားသော ပြည်တွင်းပြည်ပ
သတင်းဌာနများမှ
ကောက်ယူစုစည်းဖော်ပြခြင်း
ဖြစ်ပါသည်။